SEATTLE UNIVERSITY SCHOOL OF LAW

# ဥပဒေပြန်လည်သုံးသပ်ခြင်း ဆောင်းပါးတစ်စောင် ရေးသားပုံရေးသားနည်း

**ရစ်ချက် ဒယ်ဂဒို** (Richard Delgado)

*ဥပဒေပါမောက္ခ*

---

**University of San Francisco Law Review မှ ၁၉၈၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။**

---

**ယခုဆောင်းပါးအား Social Science Research Network Electronic Paper Collection တွင် အခမဲ့ ဒေါင်းလုပ် ရယူနိုင်သည်။**

Standing for excellence. Reaching for justice.

Electronic copy available at: http://ssrn.com/abstract=1577346

# ဥပဒေပြန်လည်သုံးသပ်ခြင်း ဆောင်းပါးတစ်စောင် ရေးသားပုံရေးသားနည်း *

ရေးသားသူ - ရစ်ချက် ဒယ်ဂဒို (Richard Delgado)

ဥပဒေပါမောက္ခ၊ UCLA ဥပဒေကျောင်း၊
ဥပဒေဒေါက်တာဘွဲ့၊ ကယ်လီဖိုးနီးယား
တက္ကသိုလ်၊ Boalt Hall၊ ဘာကလေမြို့။ (၁၉၇၄)

**အဖွင့်မိတ်ဆက်**

ကျွန်တော့်အား ဥပဒေပြန်လည်သုံးသပ်ခြင်း ဆောင်းပါးတစ်စောင်ကို မည်သို့မည်ပုံရေးသားသည့်အကြောင်း ပြောကြားပေးပါရန် တောင်းဆိုခံခဲ့ဖူးသည်။ အများနည်းတူပင် ကျွန်တော်အတွက် တစ်စုံတစ်ခုအကြောင်း ရေးသားရခြင်းသည် ထိုစာရေးသားချိန်အတွင်း ဖြစ်ပေါ်ခဲ့သည့် စဉ်းစားပုံစဉ်းစားနည်းအဆင့်ဆင့်အကြောင်း ပြောပြရခြင်း ထက်စာလျှင် များစွာ ပိုမိုလွယ်ကူစေသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော် ဒီဆောင်းပါးကို စတင်ရေးသားရန် ပြင်ခဲ့သည့်အချိန်၌ တစ်စုံတစ်ဦးမှ လက်ဆင့်ကမ်းပေးခဲ့သည့် ကျွန်တော့်အတွက် အသုံးဝင်သည့် အချက်များ အပါအဝင် လေ့လာတွေ့ရှိချက်များ၊ သိမှတ်စရာများ၊ အတိုချုပ်များကို အနှစ်ချုပ်နိုင်ရန် ကြိုးပမ်းဖြစ်ခဲ့သည်။ ကောင်းမွန်သော ဥပဒေပြန်လည်သုံးသပ်ခြင်းဂျာနယ်များသည် မိတ်ဆက်ရှင်းလင်းချိန်တွင် ၎င်းတို့ အကြောင်း ကို အဖွဲ့ဝင်အသစ်များအား သိရှိစေသည်။ များစွာသောစာဖတ်သူများအတွက် ထိုလေ့လာတွေ့ရှိချက်သည် သိရှိပြီး ဖြစ်ပေလိမ့်မည်၊ ထို့အတွက်လည်း တောင်းပန်လိုပါသည်။ ထို့ပြင် ကျွန်တော်အနေဖြင့် ဥပဒေပြန်လည်သုံးသပ်ခြင်း ရေးသားခြင်းအား နိုင်ငံရေးဆန်သော သို့မဟုတ် ဝေဖန်ဆန်းစစ်သော နည်းဖြင့် ရေးသားခြင်းမျိုး အနည်းငယ် ပါဝင် နိုင်သည်ဖြစ်ကြောင်း အစကတည်းမှ ရှင်းပြထားသင့်ပေသည်။ ထိုအကြောင်းကို အခြားနေရာများတွင်လည်း ရေးသားခဲ့ဖူးသည်။[၁]

ယခုဆွေးနွေးမှုတွင် ကျွန်တော့်အနေဖြင့် ကိုင်တွယ်စဉ်းစားလိုသည့်အကြောင်းအရာအချို့မှာ

၁။ အဘယ့်ကြောင့် ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါးတစ်ခုကို အခြားအရာများ ဥပမာအားဖြင့် စာအုပ်တစ်အုပ် သို့မဟုတ် နိုင်ငံရေးသရော်စာတစ်စောင်ထက် ဦးစားပေး ရေးသားရသနည်း?

---

ဘာသာပြန်-မေဖြူ၊ ဇင်နှင်း

© Translation Right - HRERP

* This article is a slightly edited version of an address given during the Minority Law Professors' Conference which was held at the University of San Francisco School of Law on October 26, 1985.

[၁] Delgado, *The Imperial Scholar: Reflections on a Review of Civil Rights Literature,* 132 u. PA. L. REV. 561 (1984).

၂။ ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါး အမျိုးအစားများ မည်မျှရှိနေသနည်း? အစဉ်အလာအတိုင်း လုပ်ဆောင် သည့် “စီရင်ထုံး ခွဲခြမ်းစိတ်ဖြာခြင်း” ‘case cruncher’ သက်သက်ထက် ပိုသည်ဟု ယူဆနိုင်သည်၊ အခြား အမျိုးအစား အချို့မှာ အဘယ်နည်း?

၃။ ခေါင်းစဉ်များအကြောင်း_ နှင့် ၎င်းတို့ကို မည်သည့်နေရာများတွင် ရနိုင်သနည်း? ခေါင်းစဉ်တစ်ခုအား မြင်လိုက်သည်နှင့်ပင် ခေါင်းစဉ်ကောင်းတစ်ခုဖြစ်ကြောင်း မည်သို့သိနိုင်သနည်း?

၄။ သုတေသနဗျူဟာများအကြောင်း

၅။ အောက်ခြေမှတ်စုများနှင့် အာဏာသဘောတရားသီအိုရီအကြောင်း

၆။ ဆောင်းပါးတစ်စောင် အမှန်တကယ်ရေးသားခြင်း

၇။ ဆောင်းပါးတင်သွင်းခြင်း၊ အယ်ဒီတာနှင့် အလုပ်လုပ်ခြင်း

၈။ ပုံနှိပ်ထုတ်ဝေပြီးနောက် ဘာဆက်လုပ်ကြရမည်နည်း? တို့ဖြစ်ကြသည်။

## ၁။ အဘယ့်ကြောင့် ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါးတစ်စောင်ကို ရေးသားရသနည်း?

ဘာ့ကြောင့် ရေးသားသနည်း? ထိုအချက်အတွက် အကြောင်းပြချက်များစွာ ရှိနိုင်ပြီး ၎င်းတို့တွင် သင့်လုပ်ဖော် ကိုင်ဖက်များကြောင့်၊ တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုရန် ရှိနေခြင်းကြောင့်၊ ဥပဒေကို ပြောင်းလဲလိုသည့်အတွက် ကြောင့်၊ ပျော်ရွှင်ဖွယ်ဖြစ်သောကြောင့် (တစ်ခါတစ်ရံတွင်သာ)၊ သို့မဟုတ် ပညာရပ်ဆိုင်ရာ တိုးတက်မှုနှင့် အသိအမှတ်ပြုခံရခြင်းတို့ကို လိုချင်သောကြောင့် စသည့်အချက်များကြောင့်ဖြစ်နိုင်သည်။ ကျွန်တော့် ပုဂ္ဂိုလ်ရေး အရ ဆိုရပါမူ စာရေးခြင်းနှင့်သက်ဆိုင်သည့် ပင်ကိုယ်မူလအကြောင်းပြချက်များကို ပိုကြိုက်နှစ်သက်မိရာ ထို စကားရပ်အတိုင်းပင် ကျေနပ်စရာဖြစ်သောကြောင့် စာရေးခြင်းဖြစ်ပေသည်။ သို့သော် ကျွန်တော် ရေးသား လိုက် သည့် တစ်စုံတစ်ရာသည် _ အများပြည်သူကို လှုံ့ဆော်နိုးကြားစေခြင်း၊ တရားရုံးအား မှန်ကန်သော ဆုံးဖြတ်ချက် ချနိုင်ရန် ကူညီပေးခြင်း စသည်ဖြင့် သက်ရောက်မှုတစ်စုံတစ်ခုကို ဖြစ်စေသည့်အခါတွင်လည်း ကျေနပ်မိပြန်သည်။ လူတိုင်း၏ အရင်းခံအကြောင်းရင်းများသည် အမျိုးမျိုးအဖုံဖုံရှိနေကြပြီး တစ်ဦးနှင့်တစ်ဦး၊ စာစောင်တစ်ခုနှင့် တစ်ခု မတူညီနိုင်ပေဟု ကျွန်တော် ထင်မိပေသည်။

## ၂။ ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါး အမျိုးအစားများ

ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါးများ ရေးသားရသည့် အကြောင်းပြချက်ပေါင်းများစွာ ရှိနေသလိုပင် ဆောင်းပါးအမျိုးအစားများသည်လည်း များစွာရှိနေပေသည်။ ပထမအမျိုးအစားသည် “ဖြစ်ရပ်မှန် ခွဲခြမ်းစိတ်ဖြာ ခြင်း” ဆိုသည့် ‘ထုံးစံအတိုင်း’ ရေးနေကျ ဆောင်းပါအမျိုးအစား ဖြစ်သည်။ ထိုကဲ့သို့ ဆောင်းပါးအမျိုးအစားသည် ပဋိပက္ခဖြစ်ပွားနေချိန်၊ သို့မဟုတ် အသွင်ကူးပြောင်းချိန်တွင် ရှုပ်ထွေးမှုရှိနေသည့် နယ်ပယ်တစ်ခုခုရှိ စီရင်ထုံးဥပဒေ ကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြစ်သည်။ မူသဘောတရားသည် ရေးကျနေခြင်းမျိုး သို့မဟုတ် မပီမသ ရောထွေး နေခြင်းမျိုးဖြစ်ပြီး ၎င်းကို အသစ်ပြန်သတ်မှတ်ရန် လိုအပ်လာပေသည်။ များသောအားဖြင့် စာရေးသူများသည် ပဋိပက္ခ သို့မဟုတ် ပြဿနာများအား မူဝါဒကို အထောက်အထားပြုကာ ဖြေရှင်းလေ့ရှိကြပြီး သာတူညီမျှမှု၊ ထိရောက်မှု၊ စသည်ဖြင့် အကောင်းဆုံး တိုးတက်မှုများအကြောင်း ဖြေရှင်းချက်တစ်ခုခုကို ဖော်ထုတ်ပေးလေ့ ရှိကြ သည်။

ဒုတိယအမျိုးအစားသည် ဥပဒေပြန်လည်ပြင်ဆင်ရေး ဆောင်းပါးအမျိုးအစားဖြစ်သည်။ ဤအမျိုးအစား တွင် ပါဝင်သည့်ဆောင်းပါးများမှ ချေပထားသည်မှာ ဥပဒေဆိုင်ရာ စည်းမျဉ်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု သည် မပီမသ ရောထွေးနေခြင်းသာမဟုတ်ဘဲ ဆိုးရွားလွန်းသည်မှာ မလွဲမရှောင်သာသော၊ သို့မဟုတ် မျှတမှုမရှိ

သော မကောင်းသည့် အကျိုးဆက်များရှိနေခြင်း ဖြစ်သည်။ စာရေးသူသည် ထိုကဲ့သို့ ပြဿနာများကို ရှောင်လွှဲနိုင်ရန်အတွက် စည်းမျဉ်းတစ်ခုကို မည်သို့ ပြောင်းလဲသင့်ကြောင့် ဖော်ပြရေးသားထားသည်။

ဥပဒေပြုခြင်းဆိုင်ရာ မှတ်စုဆိုသည်မျိုးလည်း ရှိနေပြီး စာရေးသူသည် အဆိုပြုထားသော သို့မဟုတ် မကြာသေးမီက ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်ရပ်အား ပုဒ်မတစ်ခုချင်းအလိုက် စိစစ်လေ့လာသုံးသပ်ခြင်းဖြစ်ပြီး တိုးတက်ကောင်းမွန်စေရေးအတွက် အကြံပြုမှတ်ချက်များ၊ ဝေဖန်ဆန်းစစ်ချက်များနှင့် တစ်ခါတစ်ရံ အကြံညာဏ်များ ပေးအပ်လေ့ရှိသည်။

အခြားဆောင်းပါးအမျိုးအစားမှာ ဘာသာရပ်ခြား လေ့လာရေးသည့် ဆောင်းပါးအမျိုးအစားဖြစ်သည်။ ဘာသာရပ်ခြားလေ့လာသည့်ဆောင်းပါးတစ်ခု၏ စာရေးသူသည် အခြားနယ်ပယ်တစ်ခုခု ဥပမာ- စိတ်ပညာ၊ ဘောဂဗေဒ၊ သို့မဟုတ် လူမှုဗေဒ ရှုထောင့်မှ ရှုမြင်ပုံများသည် ဥပဒေအား ထပ်တလဲလဲဖြစ်ပေါ်နေသည့် ပြဿနာများကို မည်သို့ ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းစေနိုင်ကြောင်း ပြသထားသည်။ သတိမမူမိသော အရင်းခံအကြောင်းရင်းများနှင့် လူမျိုးရေး ဆက်ဆံရေးဥပဒေ[၂]အပေါ် ၎င်းတို့၏ ဆက်စပ်မှုအကြောင်းရေးသားထားသည့် ပါမောက္ခ Chales Lawrence ၏ မကြာမီထွက်လာမည့် ဆောင်းပါးသည် ဤဆောင်းပါးအမျိုးအစားမျိုး ဖြစ်သည်။

သီအိုရီနှင့် အံကိုက်ညီနေသည့် ဆောင်းပါးမျိုးလည်းရှိပေသည်၊ စာရေးသူသည် ဥပဒေနယ်ပယ်တစ်ခုအတွင်းရှိ တိုးတက်မှုများအကြောင်း စစ်ဆေးထားပြီး ၎င်းတို့ထဲမှ အသစ်ပေါ်ပေါက်လာသည့် ဥပဒေဆိုင်ရာ သီအိုရီတစ်ခု သို့မဟုတ် တရားမနစ်နာမှုတစ်ခု၏ မူလအစပြုမှုများကို ရှာဖွေခြင်းဖြစ်သည်။ Warren နှင့်Brandeis တို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်ကြောင်း ရေးသားထားသည့်ဆောင်းပါးသည် ဤအမျိုးအစားဆောင်းပါး၏ ထင်ရှားသည့် ဥပမာတစ်ခုဖြစ်သည်။[၃]

ဥပဒေပညာဖြင့်အသက်မွေးဝမ်းကြောင်းပြုခြင်း၊ ဥပဒေဆိုင်ရာ အသုံးအနှုန်း၊ ဥပဒေဆိုင်ရာ အဆိုအချေ၊ သို့မဟုတ် ဥပဒေပညာ သင်ကြားရေးပုံစံများအကြောင်း ဆွေးနွေးချက်များသည်လည်း ဥပဒေပြန်လည်သုံးသပ်ခြင်း ရေးသားသည့် အခြားပုံစံတစ်ခုပင်ဖြစ်သည်။[၄] ရှေ့နေများသည် မိမိတို့အကြောင်း ဖတ်ရှုရခြင်းကို နှစ်သက်ကြသူအများစုနှင့် အလွန်တူပေသည်။ ထိုကဲ့သို့ ဆောင်းပါးများအတွက် အရောင်းအဝယ်သွက်သော ဈေးကွက်တစ်ခု ရှိပေသည်။

ယခင်ရှိပြီးသော အချေအတင်တစ်ခုကို ဆက်လက်ဖြစ်ပေါ်စေသော ပညာရပ်ဆန်ပြီးထင်ရှားကျော်ကြားသော ဆွေးနွေးငြင်းခုံမှုများလည်း ရှိပေသည်။[၅] ထိုကဲ့သို့ အမျိုးအစားများကို အောက်ပါပုံစံများဖြင့် မှတ်ယူထားသည်- "*W Law Review* တွင်ပါရှိသည့် ဩဇာညောင်းသောဆောင်းပါးတစ်ခုတွင် ပါမောက္ခ X သည် Z နှင့် ချေပငြင်းဆို ထားသည်"၊ ပါမောက္ခ Y အပါအဝင် ဝေဖန်သူများသည် A ၊ B နှင့် C တို့ကို ငြင်းခုံချေပပြီး သူမ၏အမြင်ကို တိုက်ခိုက်ခဲ့ကြသည်။ ထိုဆောင်းပါးသည် D ဆိုသူအား Z ၏ ပြဿနာအတွက် ချဉ်းကပ်ပုံအသစ်တစ်ခုကို လုပ်ဆောင်စေသည် (ဝေဖန်ဆန်းစစ်မှု အသစ်တစ်ခု၊ X ၏ အနေအထားအရ သူမ၏ ဝေဖန်သူများကို ရင်ဆိုင်နိုင်ရန်အတွက် ခုခံချေပသည့် နည်းလမ်းအသစ်တစ်ခု၊ X နှင့် သူမ၏ ဝေဖန်သူများအကြား လိုက်လျောညီ အဆင်ပြေစေမည့် နည်းလမ်းတစ်ခု၊ သို့မဟုတ် ထိုကဲ့သို့သော တစ်စုံတစ်ရာအတွက် ဖြစ်သည်)။

---

၂ C. Lawrence, The ld, the Ego, and Equal Protection: Reckoning with Unconscious Discrimination, (to be published in Volume 38 of the Stanford Law Review).

၃ Warren & Brandeis, *The Right To Privacy,* 5 HARV. L. REv. 193 (1890).

၄ *E.g.,* Stone, *Legal Education on the Couch,* 85 HARV. L. REv. 392 (1971). See also any issue of the *Journal of Legal Education* for articles on legal education, law schools, bar exams, legal language and writing, and related topics.

၅ *E.g.,* Dolinko, *Comment: Intolerable Conditions As a Defense to Prison Escapes?* 26 UCLA L. REV. 1126 (1979); Fletcher, *Should Intolerable Prison Conditions Generate a Jus- tification or an Excuse for Escape,* 26 UCLA L. REv. 1355 (1979).

အခြား အမျိုးအစားတစ်ခုအဖြစ် ဥပဒေသမိုင်းကြောင်းဆိုင်ရာ လေ့လာသည့်ဆောင်းပါးမျိုးလည်း ပါဝင်သည်။ ဥပဒေဆိုင်ရာ စည်းမျဉ်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ မူလအစနှင့် ဖွံ့ဖြိုးတိုးတက်လာပုံတို့သည် ၎င်းတို့၏ လက်ရှိ လုပ်ဆောင်ပုံ သို့မဟုတ် အားနည်းချက်များအပေါ် မီးမောင်းထိုးပြပေးနိုင်သည်။ အလားတူပင် နိုင်ငံရ ဥပဒေဆောင်းပါးများသည် အဖိုးတန်လေ့ရှိပြီး တူညီသော အကြောင်းပြချက်များစွာကြောင့် စိတ်ကို ဖမ်းစားနိုင်သည်၊ တစ်ခါတစ်ရံတွင် အခြားသော ဥပဒေစနစ်များသည် ပြဿနာတစ်ရပ်အပေါ် ကျွန်တော်တို့ကျင့်သုံးနေသည့် စနစ်ထက်ကို ပို၍ ထိရောက်စွာ သို့မဟုတ် ပို၍ အကြင်နာတရားရှိစွာ ကိုင်တွယ်ဖြေရှင်းနိုင်ပေလိမ့်မည်။ Friedrich Kessler ၏ စံပုံစံစာချုပ်များအကြောင်း ရေးသားထားသည့် ထင်ရှားသည့်ဆောင်းပါးသည် နိုင်ငံခြားတိုင်းပြည်စနစ်များရှိ အတွေ့အကြုံများကိုယူပြီး အမေရိကန်တရားစီရင်ရေး အရည်အသွေးကို တိုးတက်ကောင်း မွန်အောင်လုပ်ဆောင်ခဲ့သည့် ဆောင်းပါးအမျိုးအစား ဥပမာတစ်ခုဖြစ်သည်။[၆]

နောက်ဆုံးအမျိုးအစားများအဖြစ် လက်ရှိမျက်မြင်အခြေပြု သုတေသန ဆောင်းပါး နှင့် အမှုမှတ်စုမှတ်တမ်းများ casenote ပါဝင်သည်၊ အမှုမှတ်စုမှတ်တမ်းများသည် မကြာသေးမီက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်တစ်ခုအား ယခင်စီရင်ထုံးများ၊ အဆိုအချေများ၊ ဟာကွက်များ၊ အကျိုးဆက်များ (လည်းဖြစ်နိုင်သည်) နှင့်အတူ စစ်ဆေးခြင်းဖြစ်သည်။ လက်ရှိ မျက်မြင်အခြေပြု သုတေသန ဆောင်းပါးများတွင် တွေ့ကြုံရနိုင်သည့် စာရင်းအင်းဆိုင်ရာ ပြဿနာများကိုသာ ကိုင်တွယ်နိုင်ခဲ့လျှင် အချို့သော နည်းလမ်းများအရ ၎င်းတို့သည် အားလုံးထဲတွင် အသုံးအဝင်ဆုံးဆောင်းပါးများ ဖြစ်ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် စာရေးသူအား ဥပဒေဆိုင်ရာ ရေးသားချက်များစွာအတွက် ဘောင်ခတ်ထားသော ထိုင်ရာမထလေ့လာရရှိသည့် အသိပညာဗဟုသုတများကို ချဲ့ထွင်နိုင်စေခြင်းကြောင့် ဖြစ်သည်။ ထိုကဲ့သို့ ဆောင်းပါးအမျိုးအစား ဥပမာတစ်ခုသည် Bea Moulton ၏ အသေးစားတောင်းဆိုမှုဆိုင်ရာ တရားရုံးများသည် သဘောထားသေးသိမ်ကြသော ဓနရှင်လူတန်းစားများမှ ဆင်းရဲသားများကို ဖိနှိပ်ရန် ဖန်တီးထားသည့် ယန္တရားများသဖွယ် တိုးတက်ပေါ်ပေါက်လာပုံအကြောင်း ရေးသားထားသည့် ဆောင်းပါးဖြစ်သည်။[၇] ကျွန်တော်ပြောလိုသည်မှာ ပုံစံတစ်ခုတည်းမဟုတ်ဘဲ လက်ခံကျင့်သုံးနေကြသော ဥပဒေပြန်လည်သုံးသပ်ခြင်း ပုံစံများနှင့် ဦးတည်ချက်များစွာ ရှိနေကြပြီး၊ ကွဲပြားခြားနားသော အစဉ်အလာအလိုက် ကွဲပြားခြားနားသည့် နည်းလမ်း များ ရှိနေပေသည်။

## ၃။ ခေါင်းစဉ်များ

အကောင်းမြင်ကြည့်ပါက အမျိုးအစားနှင့် ပုံစံများ အခင်းအကျင်း တစ်နေရာရာတွင် ငုပ်လျှိုးပုန်းအောင်းနေသည်မှာ သင်နှင့် အသင့်တော်ဆုံးသော ခေါင်းစဉ်တစ်ခုဖြစ်သည်။ ခေါင်းစဉ်တစ်ခုကို မည်သည့်အရာက ကောင်းမွန်စေသနည်း? ခေါင်းစဉ်ကောင်းတစ်ခုသည် စိတ်ဝင်စားဖွယ်ကောင်းသည်၊ စီမံကိုင်တွယ်နိုင်သည်၊ သိသာထင်ရှားမှုရှိသည်။ များစွာသော ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါးများသည် စာရေးသူကို အစမှ အဆုံးထိ အနည်းဆုံး နာရီ (၁၅၀) ခန့် အချိန်ယူစေသည်။ ထို့ကြောင့် မိမိ ခေါင်းစဉ်သည် မိမိ၏ စိတ်ဝင်စားမှုကို ထိန်းသိမ်းထားနိုင်ရန်မှာ အရေးကြီးပေသည်။ ထိုသို့မဟုတ်ခဲ့လျှင် ရေးသားရသည့် အကြောင်းရင်းများကို ရှာဖွေရင်းနှင့်ပင် ညနေ ၄ နာရီ ၁၅ မိနစ်သို့ ရောက်သွားသော်လည်း အကြောင်းပြချက် ရှာမတွေ့ဖြစ်နေတတ်သည်။ ရွေးချယ်လိုက်သည့် ခေါင်းစဉ်သည်လည်း လူမှုရေးရှုထောင့်အရ သို့မဟုတ် ဥပဒေရှုထောင့်အရ ထူးခြားထင်ရှားစေလောက်အောင် ကျယ်ပြန့်မှုရှိရမည်ဖြစ်သည်။ သို့သော် ခေါင်းစဉ်သည် သင့်အတွက် ကောက်နုတ်ချက်များဖြင့် ချာချာလည်နေလောက်သည်အထိ သို့မဟုတ် အမှုများအကြား နစ်မြုပ်ဝင်သွားသည်အထိ ကျယ်ပြန့်မှုရှိရန် မလိုပေ။ တက္ကသိုလ်

[၆] Kessler, *Contracts of Adhesion . ..Some Thoughts About Freedom of Contract,* 43 COLUM. L. REV. 629 (1943).

[၇] Comment, *The Persecution and Intimidation of the Low Income Litigant as Per- formed by the Small Claims Court in California,* 21 STAN. L. REv. 1657 (1969).

မဟာဌာနများ၏ ဝန်ထမ်းခန့်ထားရေးနှင့် စပ်လျဉ်းသည့် ခွဲခြားဆက်ဆံမှုတားမြစ်သည့် ဥပဒေသည် အနည်းငယ်ကျယ်ပြန့်နေနိုင်သည်။ သဘောထားအမြင်များကိုလေ့လာထားသော သုတေသနတွေ့ရှိချက်များနှင့် အမှတ်ပေးခြင်း၏ စိတ်ပညာသဘောတရားတို့ကိုလေ့လာကာ ၎င်းတို့၏ တက္ကသိုလ်နယ်ပယ်အတွင်းရှိ ခွဲခြားဆက်ဆံမှုဆန့်ကျင်တားမြစ်သည့် အခြေခံမူများနှင့် စပ်ဆက်မှုရှိပုံအကြောင်း ရေးသားထားသည့်ဆောင်းပါသည် _ ယခုညီလာခံတွင် ပါဝင်သူတစ်ဦးမှ လေ့လာထားသော ခေါင်းစဉ်တစ်ခု_ မှန်ကန်သော ရွေးချယ်မှုဖြစ်သည်။

ရှင်းလင်းပြောကြားမည့် ခေါင်းစဉ်များ ရှာဖွေခြင်းနှင့်ပတ်သက်၍ ထင်ရှားသည့် ဥပဒေပြန်လည် သုံးသပ်ခြင်းတစ်ခုမှ အဖွဲ့ဝင်များကို မျှဝေပေးခဲ့သည့် အကြံတစ်ခုက ကျွန်တော့်အတွက် အသုံးဝင်ပြီး ကုစားမှုပေး နိုင်ကြောင်း ပြသခဲ့သည်၊ ၎င်းမှာ ဥပဒေကဏ္ဍတစ်ခုအပေါ် အသစ်အချက်အလက်တစ်ခု၊ ရှုထောင့်အသစ်တစ်ခု၊ လေ့လာမှုအသစ်တစ်ခု ကို ရှာဖွေပြီး မိမိ၏ ဆောင်းပါးတစ်ခုလုံးအား ၎င်းတို့အတိုင်း စုစည်းပြင်ဆင်ပါ။ ယခင်က မကြုံခဲ့ဖူးသေးသည့် ပြဿနာတစ်ခုအပေါ် အခြားဘာသာရပ်နယ်ပယ်မှ ရှုမြင်ပုံတစ်ခု၊ ရိုးရှင်းသော ဆင်ခြင်တွေးတောမှုတစ်ခုသည် သင်လိုအပ်သည့်အရာအားလုံးပင် ဖြစ်သည်။ ဆောင်းပါးတစ်စောင်သည် အသစ်ဖြစ်လာသည့် အရာကို အဖွင့်မိတ်ဆက်ပိုင်းတွင် ဖော်ပြထားပြီး ထိုအရာအသစ်အကြောင်း ဖြစ်နိုင်ချေရှိသည့် ကန့်ကွက်မှုများနှင့် ရင်ဆိုင်ရသည့်အခါ ၎င်းအနေဖြင့် လက်တွေ့ကျင့်သုံးရာတွင် မည်သို့မည်ပုံဖြစ်နိုင်ကြောင်းကို ကျန်ရှိသော ဆောင်းပါးအပိုင်းများတွင် ငြင်းဆိုခြင်း၊ သရုပ်ဖော်တင်ပြခြင်း၊ ခုခံချေပခြင်းများ ပြုလုပ်ထားသည်။

ခေါင်းစဉ်များသည် ဘယ်နေရာတွေက ပေါ်လာသလဲ? သင့်အနေဖြင့် တရားရုံးဆုံးဖြတ်ချက် ပေါင်းချုပ်များ၊ ဥပဒေရေးရာ ထင်ရှားသည့် သတင်းစာများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးပြောဆိုခြင်းများ၊ စာသင်ခန်းအတွင်း စသည်တို့တွင် ခေါင်းစဉ်ကို ရှာတွေ့နိုင်သည်။ မကြာခဏဆိုသလို ရှာဖွေလေ့ရှိသည့် အရင်းအမြစ်တစ်ခုမှာ စီရင်ထုံးစာအုပ်များဖြစ်ကြပြီး အထူးသဖြင့် အထင်ကရ အမိကအမှုများအတိုင်း လိုက်နာထားသော၊ သို့တည်းမဟုတ် နောက်အပိုင်းတစ်ခုကို လေ့လာနိုင်ရန် အကူးအပြောင်းများဖြစ်သော မေးခွန်းများနှင့် အကြံပြုချက်များအပိုင်းများ ဖြစ်သည်။ ထိုနေရာတွင် မှတ်စုများနှင့် မေးခွန်းများ မကြာခဏဆိုသလို ပါဝင်လေ့ရှိခြင်းသည် ၎င်းတို့အတွက် အခုထိ အဖြေရှာမတွေ့သေးခြင်းကြောင့်ဖြစ်သလို ၎င်းတို့မှာ အာရုံစိုက်မှုပေးလောက်အောင် အရေးကြီးပေသည်ဟု စာရေးသူက စဉ်းစားမိသွားခြင်းကြောင့်လည်းဖြစ်သည်။ များစွာသော မေးခွန်းများသည် ဥပဒေပြန်လည်သုံးသပ်ခြင်းဆောင်းပါးတစ်စောင်အတွက် မှန်ကန်သော ‘အရွယ်အစား’ အကြောင်း ဖြစ်သည်။

နောက်ဆုံးအရင်းအမြစ်တစ်ခုသည် လက်တွေ့လုပ်ဆောင်နေသည့် ရှေ့နေရှေ့ရပ်များ ဖြစ်ကြပြီး အထူးသဖြင့် ပြည်သူ့အကျိုးစီးပွား ဥပဒေအကြံပေးကုမ္ပဏီများနှင့် သီးခြားတရားစွဲဆိုရေး စင်တာများတွင် လုပ်ကိုင်နေကြသည့် ရှေ့နေများဖြစ်ကြသည်။ ထိုရှေ့နေများသည် ရှေ့ကိုကြိုတွေးပြီး စဉ်းစားလေ့ရှိကြသည်။ ၎င်းတို့သည် ဥပဒေပြန်လည်ပြင်ဆင်ရေး အမှုများအတွက် မည်သည့် နယ်ပယ်များသည် သင့်တော်သည်၊ သူတို့အတွက် စောင့်ကြည့်သတိထားရသည်မှာ ဘယ်နယ်ပယ်များဖြစ်ကြသည်ကို သိထားကြသည်။ သင်၏ စိတ်ဝင်စားမှုနှင့် သူတို့၏ လုပ်ငန်းအစီအစဉ်သာ ကိုက်ညီခဲ့ပါလျှင် သူတို့အနေဖြင့် ငါးနှစ် သို့မဟုတ် ဆယ်နှစ်အတွင်း တရားစွဲဆိုရန် မျှော်လင့်ထားသော အမိကအမှုတစ်ခုအတွက် အခြေခံအုတ်မြစ်ချပေးနိုင်မည့် ခေါင်းစဉ်တစ်ခုကို အကြံပေးကောင်း ပေးနိုင်ပေလိမ့်မည်။ အမှုမှတ်စုမှတ်တမ်းတစ်ခုအား အမှုကြီးကြီးမားမားတစ်ခု ဖြစ်ပွားပြီးနောက်မှမဟုတ်ဘဲ မပေါ်ပေါက်ခင်အချိန်တွင် ရေးသားလိုက်ခြင်းအတွက် ပြောစရာတွေအများကြီး ရှိမည်ဟု ကျွန်တော် ထင်မိပေသည်။ အထူးသဖြင့် ထိုကဲ့သို့ ရေးသားခြင်းသည် တရားရုံးကို အထောက်အကူ ဖြစ်စေပြီး စိစစ်လေ့လာသုံးသပ်ချက်ကို ပုံဖော်ပေးနိုင်ခဲ့သည့်အခါမျိုးတွင် ဖြစ်သည်။

ကြိုတင်လက်ရာရှိထားမှု (လက်ဦးမှု) ကို စစ်ဆေးခြင်းသည် ခေါင်းစဉ်တစ်ခု ရှာဖွေခြင်းနှင့် သတ်မှတ်ခြင်းတို့အတွက် အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ဥပဒေပြန်လည်သုံးသပ်ခြင်း ဂျာနယ်များသည် ထူးခြားဆန်းသစ်မှု novelty မပါသော တွေးခေါ်မှုတစ်စုံတစ်ရာကို ပုံနှိပ်ထုတ်ဝေရန် ငြင်းပယ်ကြပေလိမ့်မည်။ ထူးခြားဆန်းသစ်မှု

ဆိုသည်မှာ ယခင်က မရှိခဲ့ဖူးသည့် အကြံပြုချက်၊ ရှုထောင့်၊ အတွေးအခေါ် သို့မဟုတ် ဝေဖန်သုံးသပ်ချက်အချို့ ဖြစ်သည်။ ဘာတွေက လက်ဦးရယူထားပြီး/ ကြိုတင်ရှိထားပြီး ဖြစ်သလဲ? ဥပဒေပြန်လည်သုံးသပ်ခြင်း ဆောင်းပါး များနှင့် အမှုများမှာ သေချာပေါက် ရှိနှင့်နေနိုင်သည်။ ဥပဒေစာအုပ်များ သည်လည်း သေချာသလောက် ကြိုတင်လက်ရာရှိနိုင်သည်။ အခြားသော ထုတ်ဝေချက်များအတွက် မေးခွန်းမှာ ပိုမိုနီးစပ်နိုင်သည်။ လူမှုသိပ္ပံဆိုင်ရာ ဂျာနယ်တစ်ခု သို့မဟုတ် ထင်ရှားသည့် ဂျာနယ်တစ်ခုတွင်ပါရှိသည့် ဆောင်းပါး တစ်ခုသည် သင်၏ ဆောင်းပါးနှင့် အတော်များများ ထပ်တူကျနေပြီး ပြောဆိုရန် အကြောင်းအနည်းငယ် လောက် သာ သင့်အတွက် ကျန်နေခဲ့ခြင်းမျိုး မဟုတ်ခဲ့လျှင် သင်၏ အတွေးအခေါ်များကို ဖယ်ထုတ်လိုက်သည်ဟု မဆိုနိုင် ပေ။ ကိစ္စအများစုတွင် သင်၏ ဝေဖန်ဆန်းစစ်မှုအဖြစ် အမှုဆွေးနွေးခြင်း၊ ဥပဒေရေးရာ မူဝါဒဆွေးနွေးခြင်း စသည်တို့ ပါဝင်လိမ့်မည်ဖြစ်သည်၊ ထို့ကြောင့် ဥပဒေနောက်ခံမဟုတ်သော စာရေးဆရာတစ်ဦး လုပ်ဆောင်ရသည့် အပိုင်း နယ်ပယ်ထက်ကျော်ပြီး ပိုမို လုပ်ဆောင်ရနိုင်ချေရှိသည်။

စာစောင်တစ်ခုအတွက် နာရီပေါင်းများစွာပေးဆပ်ခဲ့ပြီးနောက်မှ ကြိုတင်ရှိနှင့်ပြီးသားဖြစ်နေသဖြင့် ထုတ် ဝေခွင့်မရခဲ့သည့်အခါ သင့်အတွက် ဝမ်းနည်းဖွယ်ဖြစ်ပေသည်။ ထို့ကြောင့် ကြိုတင်လက်ရာရှိထားမှု (လက်ဦးမှု) စစ်ဆေးခြင်းအတွက် ဖြတ်လမ်းမလိုက်ရန် အရေးကြီးပေသည်။ ကောင်းမွန်သည့် ဥပဒေ ပြန်လည်သုံးသပ်ခြင်း ဂျာနယ်အများစုသည် ကိုယ်တိုင် စစ်ဆေးခြင်းကို လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး အကယ်၍ သင့်အနေဖြင့် မတော် တဆ အမှားပါခဲ့လျှင်တောင်မှ ၎င်းတို့က ထိုအမှားကို ထောက်ပြလိမ့်မည်ဖြစ်သည်။ ကျွန်တော့်ကိုယ်ပိုင် စစ်ဆေး ခြင်းအပြင် အောက်ပါတို့သည် ကျွန်တော် ရှာဖွေလေ့ရှိသည့် နေရာအချို့ဖြစ်သည် - ကာလအပိုင်း လိုက်ထုတ်ဝေ သည့် ဥပဒေရေးရာ စာစောင်မဂ္ဂဇင်းများ ၏ အညွှန်းများ (အချို့ခေါင်းစဉ်များအတွက် အနည်းဆုံး (၁၅) နှစ်စာ ပြန် ကြည့်ခြင်း)၊ သက်ဆိုင်ရာဆောင်းပါးတစ်ခုတွင် ပါဝင်နိုင်ချေရှိသည်ဟု ကျွန်တော်တွေးမိသည့် ခေါင်းစဉ်များ၊ ကျွန်တော်သိလိုသောအကြောင်းနှင့် ပတ်သက်ပြီး စာရေးသူမှ ကျမ်းကိုးတစ်ခု သို့မဟုတ် အောက်ခြေမှတ်စုအဖြစ် ဆောင်းပါးအတွင်း ထည့်သွင်းထားခဲ့လိမ့်မည်ဟူသော အတွေးဖြင့် သင့်တော်သည့်ကဏ္ဍမှ စီရင်ထုံးစာအုပ်များနှင့် ဥပဒေအခြေခံအနှစ်ချုပ်များ (casebooks and hornbooks) ၊ ဥပဒေအနှစ်ချုပ်ကျမ်းများနှင့် စွယ်စုံကျမ်းများ ဖြစ်ကြသည်။ နောက်ဆုံးတွင် ကျွန်တော်သည် ရေးသားလိုသည့် နယ်ပယ်မှ လုပ်ဖော်ကိုင်ဖက်များကို မေးမြန်းခြင်း မျိုးလည်း လုပ်ဆောင်သည် (ငါ X အကြောင်းကို ဆောင်းပါးတစ်စောင်ရေးဖို့ စဉ်းစားနေတယ်၊ အဲဒီအကြောင်းနှင့် ပတ်သက်ပြီး မင်းသတိထားမိတဲ့ ဆောင်းပါးတစ်ခုတစ်လေများ ရှိနေသလား?) ။

နောက်ကျပြီး ပြုလုပ်ထားတဲ့ ကြိုတင်လက်ရာရှိထားမှု (လက်ဦးမှု) သဘောသည် အလွန်မြင်သာသော သို့မဟုတ် အများပြည်သူ၏ အာရုံစိုက်မှုကို မကြာသေးခင်က ရရှိထားသော ဥပဒေနယ်ပယ်များအတွက် အထူး ပြဿနာတစ်ခုဖြစ်ပေသည်။ အကြီးတန်းရာထူး သတ်မှတ်စည်းမျဉ်းများ၊ နှင့် လူမျိုး၊ အသားအရောင်အရ အနိုမ်ခံ ရ ခြင်းကို ကျော်လွှားရေး လုပ်ဆောင်ချက်များသည် လက်တလော မြင်သာထူးခြားသည့် နယ်ပယ်များ ဖြစ်ကြသည်။[၆] ယခုအခါ ထိုစည်းမျဉ်းများအကြောင်း ရှုထောင့်မျိုးစုံမှ ရေးသားလာကြသည့် များစွာသော ဆောင်းပါးများ သို့မဟုတ် မှတ်ချက်များ ရှိလာခဲ့ခြင်းကို ကျွန်တော် အံ့သြမိလိမ့်မည်မဟုတ်ပေ။ ထိုကဲ့သို့နယ်ပယ်တစ်ခုသို့ ဝင်ရောက်ရေးသား မည့်တစ်စုံတစ်ဦးအတွက် မိမိ၏လက်ရာသည် ထူးခြားဆန်းသစ်မှုရှိပြီး ယခင်မည်သူမျှစဉ်းစားခဲ့ဖူးသည့် အကြောင်း မဟုတ်လျှင် ကြိုတင်လက်ရာရှိထားမှုကြုံတွေ့နိုင်ချေမှာ သေချာပေါက်ရှိနေပေသည်။ ခေါင်းစဉ်များကို မှတ်ပုံတင် ထားသည့် ဗဟိုမှတ်တမ်းရုံးတစ်ခုဆိုသည်မှာ ရှိမနေပေ၊ သင့်အနေဖြင့် မည်သည့်နေရာကိုမျှ မိမိ ခေါင်းစဉ် အ ကြောင်း ရေးသားနေသည့် တစ်စုံတစ်ယောက်ရှိပါသလားဟူ၍ ဖုန်းဆက်မေးမြန်းခြင်း မလုပ်နိုင်ပေ။ တစ်ခါတစ်ရံ တွင် သင့်ခေါင်းစဉ်အကြောင်း ရေးသားရန် ပြင်ဆင်နေသည့် အခြား လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု

[၆] Memphis Firefighters Local 1784 v. Stotts, 104 S. Ct. 2576 (1984).

မှ တစ်စုံတစ်ယောက်နှင့် တိုင်ပင်ဆွေးနွေးရန် စဉ်းစားနိုင်ပေမည်။ ၎င်းနောက် ထိုပုဂ္ဂိုလ်အား သင်ရေးသားနေသည့် အကြောင်းနှင့်ပတ်သက်သည့် အခြားတစ်စုံတစ်ဦးအကြောင်း သိရှိထားခြင်းရှိ/မရှိ မေးမြန်းနိုင်သည်။ ဥပမာ- Patty Hearst အမှုနှင့် အတွေးအခေါ်မှိုင်းတိုက်ခံရခြင်းအပေါ် ဥပဒေရေးရာခုခံချေပချက်အကြောင်း၊ သို့တည်းမဟုတ် 'အနိုင်အထက်ပြုကာ စည်းရုံးသိမ်းသွင်းခြင်း'[၆] အကြောင်း ရေးသားမည့် တစ်စုံတစ်ဦးအနေဖြင့် Patty Hearst ၏ ရှေ့နေဖြစ်သူ F. Lee Bailey နှင့် ဆက်သွယ်ရန် လိုအပ်နိုင်ချေရှိသည်။ Bailey နှင့်ဆက်သွယ်မေးမြန်းခြင်းသည် သင့်အတွက် ပြိုင်ဖက်ရှိ/မရှိကို ဖော်ထုတ်သိရှိကောင်း သိရှိနိုင်ပေသည်။

## ၄။ သုတေသန နည်းဗျူဟာများနှင့် စာအုပ်စာပေများ

သုတေသန နည်းဗျူဟာများနှင့် လုပ်ပိုင်ခွင့်များ အသုံးပြုပုံတို့ကို အတူတကွ ဆွေးနွေးနိုင်ပေသည်၊ အကြောင်းမှာ ပြဿနာရပ်များအပေါ် သုတေသနပြုလုပ်ခြင်းနှင့် မှတ်စုထုတ်ခြင်းများ ပြုလုပ်သည့်အခါ သဘောတူညီချက်များ ဆုပ်ကိုင်ထားနိုင်မှု နှင့် အောက်ခြေမှတ်စုပုံစံများ အသုံးပြုပုံတို့သည် သင်၏ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းကို ပုံဖော်ပေးနိုင်သည်။ သင့်အနေဖြင့် မိမိအကြောင်းအရာနှင့် သက်ဆိုင်သည့်အရာမှန်သမျှကို ဖတ်ထားရမည်ဟု ပြောရန် မလိုတော့ပေ။ သင်၏ အောက်ခြေမှတ်စုများနှင့် အဆိုအချေများသည် ထည့်သွင်းစဉ်းစားခဲ့ဖူးသည့် ထူးခြားသည့် အတွေးအခေါ်တိုင်း၊ စာအုပ်တိုင်း၊ သို့မဟုတ် ပြင်ပဆောင်းပါးတိုင်းကို ပြန်လည်ထင်ဟပ်စေရမည် ဖြစ်သည်။ သင့်အနေဖြင့် နောက်ဆုံးဖတ်ကြားခဲ့သည့် အချို့သောအရာများသည်ပင်လျှင် မိမိဆန်းစစ်ဝေဖန်မှု ပြုလုပ်ပုံနှင့်ပတ်သက်သည့် အတွေးအခေါ်များကို အကြီးအကျယ် ပြောင်းလဲပစ်နိုင်ပေသည်။ ထို့ကြောင့် အရာအားလုံး မဖတ်ပြီးမချင်း စာရေးခြင်းကို စတင်မပြုလုပ်မိစေရန် ခံနိုင်စွမ်းရှိရသည်။ အလွန် ယေဘုယျကျသည့် စာအုပ်စာပေများဖြစ်သည့် စီရင်ထုံးစာချုပ်များ၊ ဥပဒေအခြေခံအနှစ်ချုပ်များနှင့် စွယ်စုံကျမ်းများသည် ခြုံငုံသုံးသပ်မှု တစ်ခုကို ရနိုင်ရန် အထောက်အကူပြုကြောင်း ကျွန်တော် တွေ့ရှိထားသည်။ မကြာခဏဆိုသလို ထိုကဲ့သို့ စာအုပ်မျိုးရေးသားကြသည့် စာရေးဆရာများသည် လူသိများထင်ရှားသည့်အမှုများနှင့် ဆောင်းပါးများကို ကိုးကားလေ့ရှိမည်ဖြစ်သည်။ ထို့ကြောင့် အခြားအရင်းအမြစ်များကို လေ့လာသည့်အခါတွင် ကျွန်တော့်ထံတွင် ဖတ်ရှုရန်စာရင်းမှာ တစ်စိတ်တစ်ပိုင်း ရှိနှင့်နေပြီးဖြစ်နေသည်။ ပထမဦးစွာ သင်ဖတ်ရှုလိုက်သည့် တစ်ခုချင်းစီသည် သင့်အား အခြားအရာတစ်ခုထံ ဦးတည်စေခြင်းမျိုး ဖြစ်နေလိမ့်မည်ဖြစ်သည်။ နောက်ဆုံးတွင် စက်ဝိုင်းသည် စတင်ပိတ်သွားမည်ဖြစ်ပြီး သင့်အနေဖြင့် အရာအားလုံး ဖတ်ရှုပြီးခဲ့ကြောင်းနှင့် စတင်ရေးသားရန် အဆင်သင့်ဖြစ်နေပြီကို သိရှိလာပေလိမ့်မည်။

## ၅။ အောက်ခြေမှတ်စုများနှင့် စာအုပ်စာပေများ

အဓိကအားဖြင့် သင်ရေးသားလိုက်သည့် ဆောင်းပါးတွင် ဖော်ပြထားသည့် ဥပဒေတစ်ခုချင်းစီ သို့မဟုတ် အချက်အလက်တစ်ခုချင်းစီကို ခိုင်ခိုင်မာမာပြောဆိုနိုင်ရန်အတွက် အောက်ခြေမှတ်စုတစ်ခုစီ လိုအပ်ပေလိမ့်မည်။ အဓိက ချွင်းချက်နေရာများမှာ ခေါင်းစဉ်စာကြောင်းများ၊ စာပိုဒ်များနှင့် ပုဒ်မများ၏ အဆုံးသတ်ဖော်ပြချက်များ၊ ရိုးရှင်းသည့် ချေပချက် စာပိုဒ်များ ဖြစ်ကြသည်။ အောက်ခြေမှတ်စုပုံစံ အမျိုးအစားများစွာ ရှိပေသည်။ စာသားဆိုင်ရာ အောက်ခြေမှတ်စုများသည် စာသားကိုယ်ထည်တွင်ပါရှိသည့် အငြင်းပွားမှုအကြောင်းကို ဆက်လက် ဖော်ပြထားခြင်းဖြစ်သည်။ စာသားကိုယ်ထည်ကိုရှုပ်ထွေးသွားနိုင်သည့် အကြောင်းအရာများကို ထိုကဲ့သို့ အောက်ခြေမှတ်စုတွင် ဖော်ပြနိုင်ပြီး စကားပြောပုံစံဖြင့် ရေးသားနိုင်သည်။ အောက်ခြေမှတ်စုပါ စာသားများအား အပေါ်စာသား

[၆] *See* Delgado, *Ascription of Criminal States of Mind: Toward a Defense Theory for the Coercively Persuaded ("Brainwashed") Defendant,* 63 MINN. L. REv. 1(1978); Lunde &Wilson, *Brainwashing as a Defense to Criminal Liability: Patty Hearst Revisited,* 13 CRIM. L. BULL. 341 (1977).

ကိုယ်ထည်တွင်ဖော်ပြထားသည့် အဆိုပြုချက်များကို သက်သေပြရန်အတွက် အသုံးပြုကြသည်။ ထိုကဲ့သို့ အောက်ခြေမှတ်စုအမျိုးအစားသည် 'အချက်ပြမှုသင်္ကေတများ' တစ်ခုခုဖြင့် စတင်နိုင်ကြောင်း၊ စာသားတို စကားလုံးများနှင့် အတိုကောက်စာလုံးများ ဥပမာ 'see' 'e.g.,' 'see also' 'cf.' ဖြင့်ရှိပြီး ၎င်းတို့ကို အောက်ခြေမှတ်စု အဆုံး တွင် တွေ့နိုင်သည်။ အချက်ပြမှုသင်္ကေတတစ်ခုချင်းစီတွင် နည်းစနစ်ပိုင်းဆိုင်ရာ အဓိပ္ပါယ်တစ်ခုစီရှိပြီး ၎င်းတို့ကို မှန်ကန်စွာ အသုံးပြုရမည်ဖြစ်သည်။ အချက်ပြမှုသင်္ကေတ တစ်ခုချင်းစီသည် မှီငြမ်းအသုံးပြုထားသည့် စာအုပ်စာပေများဖြစ်ကြသည့် တိုက်ရိုက် စာအုပ်စာပေ၊ တဆင့်ခံ စာအုပ်စာပေ၊ ကောက်နုတ်ယူထားသော စာအုပ် စာပေ၊ အခြားနည်းဖြင့် ဖော်ပြထားသော စာအုပ်စာပေ၊ နှိုင်းယှဉ်-ခိုင်းနှိုင်းစာပေ၊ စသည့်တို့၏ အားသာချက်နှင့် အမျိုးအစားများအလိုက် ကိုက်ညီရမည်ဖြစ်သည်။ ၎င်းတို့ကို မမှတ်မိသေးခင်အချိန်အထိ သုတေသနပြုလုပ်သည့် အခါတွင် Bluebook စာအုပ်ကို မိတ္တူကူးကာ လက်စွဲထားရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရခြင်းအကြောင်းမှာ သင့်အနေဖြင့် စာအုပ်၏ အားသာချက်ကို ပထမဦးဆုံးသိထားပြီးနောက် အစီရင်ခံစာ၊ ဥပဒေအနှစ်ချုပ်ကျမ်း သို့မဟုတ် ဆောင်းပါးသည်လည်း သင့်ရှေ့တွင် ရှိနေခဲ့ပြီး မှတ်စုများ ထုတ်နေသည့်အခါတွင် အချိန် နှင့် အားစိုက်ထုတ်မှုများကို သက်သာစေခြင်းကြောင့်ဖြစ်သည်။ သင့်အနေဖြင့် ဒုတိယအကြိမ် ပြန်ကြည့်နိုင်ပြီး လွန်ခဲ့သည့် (၄) လ ခန့်က သင်ပြုလုပ်ခဲ့သည့် မှတ်စုအား 'see' ဟု ကိုးကားသင့်သလား သို့မဟုတ် 'cf.' ဟု ကိုးကားသင့် သလား ဆိုသည်ကို ဖော်ထုတ်နိုင်ပေသည်။ သို့သော် အဘယ့်ကြောင့် ၂ ခါ လုပ်နေမလဲ? ထို့ပြင် ဒုတိယအကြိမ်တွင် စာအုပ်မရှိခဲ့ပါလျှင် ဘယ်လိုဖြစ်သွားမလဲ?

ဆောင်းပါးတစ်ခုတွင် စာရေးသူအနေဖြင့် စာသားအလိုက်သာမက စာအုပ်စာပေဆိုင်ရာ မှတ်စုများကို အမျိုးမျိုးသော အားသာချက်များ၊ အမှတ်သင်္ကေတများသုံးပြီး သင့်တင့်စွာ ရောနှောအသုံးပြုထားခြင်းကို သိနိုင်ရန် အလို့ငှာ အောက်ခြေမှတ်စုများကို လှန်လှောကြည့်ရှုခြင်းသည် စာမူတစ်ခု လက်ခံရရှိသည့်အချိန် ဆောင်းပါး အယ်ဒီတာတစ်ဦး လုပ်ဆောင်လေ့ရှိသည့်အရာများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်ဟု ကျွန်တော် ထင်မိပေသည်။ အကယ်၍ သင်၏ အောက်ခြေမှတ်စုများသည် တိုးတိုးတိတိဖြစ်နေပြီး အမှတ်သင်္ကေတများ လုံးဝမပါရှိခဲ့လျှင် အယ်ဒီတာ၏ စိတ်တွင် အတွေး နှစ်မျိုး ဝင်သွားနိုင်သည်၊ ပထမအတွေးမှာ စာရေးသူသည် အတွေ့အကြုံနုနေသူတစ်ဦးဖြစ်ကြောင်း၊ ဒုတိယအတွေးသည် ဥပဒေပြန်လည်သုံးသပ်ခြင်း ထုတ်ဝေသူ (နှင့် အယ်ဒီတာ ဖြစ်နိုင်သည်) မှ အမှတ်သင်္ကေတများနှင့် စာသားအလိုက် အောက်ခြေမှတ်စုများကို ထည့်သွင်းပေးလိုက်ရန် ဖြစ်သည်။ သင့်အနေဖြင့် တစ်စုံတစ်ဦးအတွက် စာအုပ်အပုံလိုက်ရှေ့တွင်ထိုင်ပြီးလျှင် စာသားအပိုဒ်များနှင် ကိုးကာထားသည့် စာအုပ်စာပေများသည် "see" ဖြစ်သလား၊ "cf.," ဖြစ်သလား၊ သို့တည်းမဟုတ် "compare" ဖြစ်နိုင်သလား စသည့် အမှတ်သင်္ကေတများနှင့် သက်ဆိုင်ခြင်း ရှိ/မရှိ လုပ်ဆောင်ပေးခြင်းကို ကျေနပ်ပျော်ရွှင်ဖွယ်ဖြစ်နိုင်ပါမည်လား?

## ၆။ ဆောင်းပါး စတင်ရေးသားခြင်း

အမှန်တကယ်ရေးသားချိန်တွင် အခြားသူများ လုပ်ဆောင်သလိုပင် အပိုင်း သို့မဟုတ် အပိုင်းအခွဲများကို တစ်ထိုင်တည်းဖြင့် စတင်ရေးသားခြင်းကို ကျွန်တော် ပိုနှစ်သက်မိသည်။ စတင်မရေးသာမီကပင် ကျွန်တော်သည် တစ်နေ့တာအလိုက် ပြီးအောင်ရေးသားမည့် အပိုင်းများကို သင့်တင့်မျှတစွာဖြင့် ကြိုတင်သတ်မှတ်လေ့ရှိသည်။ ထို့မှသာ လက်နှိပ်စက်ရှေ့တွင် ထိုင်လိုက်သည့်အချိန်၌ ဘယ်ကိုဆက်ရေးမည်ဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ ကျွန်တော့်အကြိုက်ကမူ မြန်မြန်ရေးသားပြီး ဖြေးဖြေး တည်းဖြတ်ခြင်းပင်ဖြစ်သည်။ မြန်မြန်ရေးသားခြင်းသည် အတားအဆီးအဟန့်အတားများကို ကျော်လွှာစေနိုင်ပြီး ရိုးရိုးရှင်းရှင်း အရေးအသားကိုလည်း ရစေသည်ဟု ကျွန်တော် လက်ခံထားသည်။ ထို့ပြင် ကျွန်တော်သည် တစ်စုံတစ်ခုကို အကြမ်းဖျင်းချရေးထားလိုက်ပြီးလျှင် နောက်ပိုင်းမှ ပြန်လည်တည်းဖြတ်ခြင်း၊ ပြန်လည်မွမ်းမံခြင်း နှင့် ထပ်တိုးဖြည့်စွက်ခြင်းများကို အားလပ်သည့်အခါ ပြုလုပ်လေ့ရှိသည်။ တမင်တကာရည်ရွယ်ရေးသားသည့် ပုံစံတစ်ခု သို့မဟုတ် စိတ်ခံစားချက်တစ်စုံတစ်ရာတို့ ပါရှိ

ခြင်းမရှိဘဲ ဥပဒေပြန်လည်သုံးသပ်ခြင်း ရေးသားဟန်အား အပိုအလိုမရှိ ကျစ်ကျစ်လျစ်လျစ်နှင့် ပြစ်ချက်ကင်းစွာ ရေးနိုင်ရန် ဦးတည်ထားသင့်သည်။ အယ်ဒီတာများသည် သင့်အဖွဲ့အစည်းကိုလည်း အလွယ်တကူမြင်နိုင်သော "ဇာတ်ကြောင်း ဖော်ပြမျဉ်းကြောင်း" ဖြင့် ရှင်းရှင်းလင်းဖြစ်နေခြင်းမျိုးကို လိုချင်ကြသည်။ အတွေးအခေါ် တစ်ခု သို့မဟုတ် အမှုတစ်ခုအကြောင်းအား ဖြစ်ပေါ်တည်ရှိနေခြင်းသက်သက်ကြောင့် ဆောင်းပါး တွင် ထည့်သွင်း ချရေးလိုစိတ်၊ ဆွေးနွေးလိုစိတ်ကို ချုပ်ထိန်းပါ။ ရေးသားလိုက်သည့် အရာတိုင်းသည် သင်၏ ပင်မ ဆိုလိုရင်း အာဘော် တိုးတက်စေရေးအတွက် အထောက်အပံ့ပေးခြင်းမျိုးဖြစ်သင့်သည်၊ ထိုသို့မဟုတ်လျှင် ၎င်းကို အောက်ခြေ မှတ်စုတွင်သာ ဖော်ပြနိုင်ပေသည်။ အကြောင်းအရာတစ်ခုကို တစ်ခါတည်းသာ ပြောပါ။

## ၇။ ဆောင်းပါး တင်သွင်းခြင်း

စာရေးခြင်း ပြီးဆုံးသွားပြီး အောက်ခြေမှတ်စုများသည်လည်း နေရာတကျဖြစ်သွားသည့်အခါ ဆောင်းပါးကို တင်သွင်းရသည်၊ သို့သော်သင်၏ မိတ်ဆွေသူငယ်ချင်းများကို ဦးစွာကြည့်စေပြီးမှ ပြန်လည်သုံးသပ်မည့် ဂျာနယ် ထံသို့ တင်သွင်းသင့်သည်။ မိတ်ဆွေသူငယ်ချင်းများအား မိမိဆောင်းပါးကို ဝေဖန်ဆန်းစစ်ပြီး ပြန်လည်ပေးပို့ပေး ရန် တောင်းဆိုပါ။ သင်ရေးသည့် အကြောင်းအရာအကြောင်း သိနေသည့် စာဖတ်သူများကို ရှာရန် ကြိုးစားပါ၊ သင် ခန့်အပ်ထားသည့် ကော်မတီအဖွဲ့ဝင်များကို မသုံးပါနှင့်။ သင်၏ စာဖတ်သူများအဖြစ် သင်၏ ဥပဒေကျောင်းမှ သူများလည်း မဖြစ်ရပေ၊ ပြင်ပစာဖတ်သူများကို ရှာဖွေရခြင်းအပေါ် အကြောင်းပြချက်ကောင်းများ ရှိနေပေသည်။[10] သင့်အနေဖြင့် ၎င်းတို့၏ မှတ်ချက်များ၊ အကြံပြုချက်များ ရလာသည့်အခါ မိမိလက်ခံသဘောတူသည်များ ကို ထည့်သွင်းအသုံးပြုနိုင်ပေသည်။

ဆောင်းပါးသည် သင်လုပ်နိုင်သလောက် ကောင်းမွန်လာသည့်အခါ များစွာသော ပြန်လည်သုံးသပ်သည့် ဂျာနယ်များထံသို့ ပေးပို့နိုင်ပေသည်။ ထိုသို့ပေးပို့ရာတွင် ယခု ဆောင်းပါးသည် မည်သည့်အကြောင်းဖြစ်ပြီး မည်သည်ကို ကောက်ချက်ချသိစေနိုင်ကြောင်း၊ အဘယ့်ကြောင့် ဆန်းသစ်ပြီး အရေးပါကြောင်းတို့ကို cover letter နှင့်အတူ ဆောင်းပါးအယ်ဒီတာထံ ပေးပို့ရသည်။ ယနေ့ခေတ် စာရေးဆရာနီးပါးတိုင်းသည် အမြဲလိုလို ပြန်လည် သုံးသပ်သည့် ဂျာနယ်တစ်ခုမကထံသို့ တစ်ပြိုင်တည်း တင်သွင်းလေ့ရှိသည်။ ကျွန်တော်အပါအဝင် လုပ်ဖော်ကိုင် ဖက်များစွာသည် ရေးသားပြီးသည့် ဆောင်းပါးများကို ပြန်လည်သုံးသပ်မည့် ဂျာနယ် (၈) ခုမှ (၁၀) ခုအထိ အထက် မှ အောက်သို့ အဆင့်လိုက်စီကာ တပြိုင်တည်း တင်သွင်းလေ့ရှိကြသည်။ ဥပဒေပြန်လည်သုံးသပ်သည့် ဂျာနယ်များ အတွက် များစွာသော ရည်ညွှန်း အဆင့်သတ်မှတ်ထားခြင်း ရှိပေသည်။[11] ယေဘုယျအားဖြင့် ဆောင်းပါးတစ်စောင် အပေါ် ပြန်လည်သုံးသပ်မှု အပြီးသတ်စေရန် ရက်သတ္တပတ်များစွာ အချိန်ယူပြီးနောက် သင့်ထံ ပြန်ပို့ပေးလေ့ ရှိသည်။ ထိုအချိန်တွင် သင့်ထံသို့ "ပါမောက္ခ Jones ခင်ဗျာ/ရှင့်၊ ကျွန်တော်/မ တို့အထဲက တစ်ဦးကတော့ ဆရာရဲ့ ဆောင်းပါးကို ဖတ်ပြီး အတော်လေး သဘောကျခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ ပြန်လည်သုံးသပ်မှု မပြီးခင်မှာဘဲ ဒီဆောင်းပါးကို ယခုလက်ရှိ ရနိုင်သေးလား သိချင်ပါတယ်" ဟု ဖုန်းဆက်လာပေမည်။

## ၈။ သင်၏ အယ်ဒီတာနှင့်အတူ အလုပ်လုပ်ခြင်း

---

[10] သင့်ဌာနရဲ့ အဖွဲ့ဝင်များသည် မိမိဆောင်းပါးကို နောက်ဆုံးပြင်ဆင်ပြီးဗားရှင်းထက် မညီမညာဖြစ်နေသည့် မူလအကြမ်းဗားရှင်းကို မှတ်မိ နေနိုင်သည်။ ထိုအချက်သည် သင့်အား ပြန်လည်သုံးသပ်သည့်အချိန်တွင် သင့်ကို ထိခိုက်စေနိုင်သည်။ တဖက်တွင်လည်း "ငြင်းခွင့်ပိတ် ခြင်း" တန်ဖိုးဆိုသည်မှာ ရှိနေနိုင်ပြီး သင့်ဌာနအဖွဲ့ဝင်များထံ ဆောင်းပါးကို ပြသပြီး ဝေဖန်ရန် အခွင့်ပေးလိုက်ခြင်းသည် ဆောင်းပါး ပုံနှိပ်ခြင်း မတိုင်ခင်အထိသာဖြစ်သည်။ ၎င်းတို့အကြံပေးသည့်အတိုင်း ပြောင်းလဲမှုများကို ပြုလုပ်လိုက်ခဲ့ပါလျှင် ထိုသူများထံမှ နောက်ပိုင်း ဝေဖန်မှု များကို ဆက်လက် ရှိနေမည်ဖြစ်ပြီး အနည်းဆုံးတော့ တစ်စုံတစ်ဦးက ငြင်းဆိုချေပနိုင်ပေမည်။

[11] E.*g.,* Maru, *Measuring the Impact of Legal Periodicals,* 1AM. B. FouND. RESEARCH J. 227, 243 (1976).

အနေးနဲ့အမြန်ပါဘဲ၊ ပြန်လည်သုံးသပ်ရေးအဖွဲ့တစ်ခုမှ ဆောင်းပါးကို ပုံနှိပ်ထုတ်ဝေရန် ကမ်းလှမ်းလာပါလိမ့်မယ်။ အယ်ဒီတာထံမှ ဘယ်အချိန် ထုတ်ဝေမည်၊ မည်သည့် တည်းဖြတ်ပြောင်းလဲမှုများ ပြုလုပ်ရန် စဉ်းစားနေသည်၊ သင့်အနေဖြင့် ပြန်လည်သုံးသပ်ပိုင်ခွင့်ရှိ/မရှိ နှင့် အပြီးသတ် ပြောင်းလဲချက်များကို လက်ခံပိုင်ခွင့် သို့မဟုတ် ငြင်းပယ်ပိုင်ခွင့်အကြောင်း၊ သင်၏လက်ရာသည် ခေါင်းစီးဆောင်းပါးတစ်ခု ဖြစ်နိုင်/မဖြစ်နိုင်၊ စသည့် အသေးစိတ်အချက်များကို သိနိုင်ပြီး ဆောင်းပါးနှင့်ပတ်သက်ပြီး စဉ်းစားစေလိုသည့်အရာများကိုလည်း ပြောပြနိုင်သည်။ တချိန်တည်းမှာပင် သင့်အနေဖြင့် ၎င်းတို့၏ ကမ်းလှမ်းချက်ကို စဉ်းစားနိုင်သလို လုပ်ဖော်ကိုင်ဖက်များနှင့်လဲ တိုင်ပင်ဆွေးနွေးနိုင်သည်၊ မိမိဆုံးဖြတ်ချက်နှင့် နီးစပ်မှုရှိ/မရှိ သိနိုင်ရန်အတွက် အခြားပြန်လည်သုံးသပ်ရေးဂျာနယ်များနှင့် စစ်ဆေးနိုင်သည်။

ကျွန်တော်သည် ဆောင်းပါးတစ်စောင်ကို ပြန်လည်သုံးသပ်ရေးအဖွဲ့တစ်ခုထံသို့ ပေးပို့ခဲ့ပြီး အယ်ဒီတာတစ်ဦးထံ အပ်နှံခြင်းခံခဲ့စဉ်က ထိုအယ်ဒီတာအား တည်းဖြတ်ခြင်းလုပ်ဆောင်ရာတွင် ကျွန်တော့်အကြိုက်ကို ပြောပြခဲ့ဖူးသည်။ ကျွန်တော့်ကိုယ်ပိုင်သဘောအရဆိုလျှင် 'Maximalist' တည်းဖြတ်ခြင်းမျိုးကို ကြိုက်နှစ်သက်သည်၊ ထို့ကြောင့် အယ်ဒီတာအား ဆောင်းပါးကို အကြောက်အရွံ့မရှိ သုံးသပ်ပေးရန် ပြောခဲ့ပြီး ပြောင်းလဲမှုများနှင့် ထပ်တိုးပြင်ဆင်ချက်များကိုလည်း တစ်ခုချင်းစီအလိုက် ကျွန်တော်နှင့် ဆွေးနွေးရန်မလိုဘဲ ပြုလုပ်နိုင်ကြောင်း ပြောခဲ့သည်။ ထိုနည်းဖြင့် ကျွန်တော်သည် အယ်ဒီတာ၏ အကောင်းဆုံးလုပ်ဆောင်မှုကို ရရှိခဲ့သည်ဟု ထင်မိပါသည်။ ထို့ပြင် ကျွန်တော်သည် အယ်ဒီတာမှ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းလိုက်သည့်အခါ အကျိုးဆက်ဖြစ်လာနိုင်မည့် အကွက်များကို ကြိုတင်မှန်းဆထားရသည့်ပုံစံမျိုးကိုလည်း ရှောင်ကြဉ်ပေသည်။[၁၂]

## ၉။ ပုံနှိပ်ထုတ်ဝေပြီးနောက် ဘာဆက်လုပ်မလဲ?

ဆောင်းပါးတစ်စောင်အား ပုံနှိပ်ထုတ်ဝေလိုက်ပြီး ထပ်မံရိုက်နှိပ်ခြင်းများ တစ်ပုံတစ်ပင်ကြီး ရလာသည့်အခါ သင်၏ မိဘများ၊ လူမလိုသော အော်တိုဈေးဆိုင် သို့မဟုတ် အိမ်တွင်နေပြီး စီးပွားရေးပြုလုပ်ခြင်း အကြောင်း သက်ဆိုင်သည့် မေဂျာယူရန် သင့်ကိုတိုက်တွန်းခဲ့သည့် အထက်တန်းကျောင်းတုန်းက လမ်းညွှန်ဆွေးနွေး အကြံပေးခဲ့သူ၊ နှင့် သင်ရေးသားခဲ့သည့်နယ်ပယ်ရှိ အဓိက ဥပဒေရေးရာ စာရေးသူများထံသို့လည်းကောင်း မိမိဆောင်းပါးကို ပေးပို့နိုင် သည်။ ဆောင်းပါးမိတ္တူများကို ဥပဒေအခြေခံအနှစ်ချုပ်များနှင့် စီရင်ထုံးစာအုပ်များ ရေးသားထားကြသော စာရေး သူများထံသို့လည်း အသေအချာ ပို့ပေးရမည်ဖြစ်သည်။ လက်ထဲတွင် ပြန်လည်ပုံနှိပ်ထားခြင်းများရှိပါက လက်တွေ့ နယ်ပယ်အကြောင်း အပြည့်အဝသိရှိထားရန် ၎င်းတို့အတွက် အထောက်အကူဖြစ်စေသည်။ အကယ်၍ သူတို့ အနေဖြင့် ဆောင်းပါးကို ကြိုက်နှစ်သက်ပါက မိမိတို့စာအုပ်၏ နောင်လာမည့် တည်းဖြတ်ထုတ်ဝေခြင်းများတွင် သင်၏ ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ ဆောင်းပါးအကြောင်းကို ဖော်ပြပေလိမ့်မည်။ အခါအားလျော်စွာပင် ဆောင်းပါးတစ်စောင်ကို အပိုဆုဘေးပန်းရာလဒ်တစ်ခုအတွက် အခြေခံအဖြစ် အသုံးပြုနိုင်သည်၊ ဥပမာ - သတင်းစာတစ်ခုတွင် op-ed ကဲ့သို့ ကော်လန်ဖြင့် ထည့်သွင်းဖော်ပြခြင်းမျိုး၊ သို့တည်းမဟုတ် လက်တွေ့ လုပ်ဆောင်နေသူများနှင့် သက်ဆိုင်သော လက်စွဲစာအုပ် သို့မဟုတ် သတင်းစဉ်တစ်ခုတွင် လေ့ကျင့်ခန်းတစ်ခု အဖြစ် ထည့်သွင်းခြင်းမျိုး ပြုလုပ်နိုင်သည်။

---

[၁၂] "X အကြောင်း တွေးဖူးသလား?" "Y ရော ဘယ်လိုဖြစ်မလဲ?" သို့မဟုတ် "စုံစမ်းစစ်ဆေးခြင်း သည် တကယ် လိုအပ်မှုရှိလား?"၊ သို့တည်းမဟုတ် အယ်ဒီတာသည် ပိုမို သွယ်ဝိုက်သောနည်းဖြင့်လည်း ဖော်ပြထားနိုင်ပေသည် _ "ငါကတော့ မယုံကြည်ပါဘူး"၊ "ဒါက အားနည်းတယ်လို့ ထင်ပါတယ်"၊ သို့မဟုတ် "ဒီနေရာမှာ ငါတို့ ပိုလိုသေးတယ်" စသည့်ဖြင့် စာရွက်ဘေးဘောင်တွင် အလွန်ယဉ်ကျေးသော စကားများသုံးကာ မေးခွန်းများ ပြန်ပို့လေ့ရှိသည့် အယ်ဒီတာများအကြောင်းကို ကျွန်တော်စဉ်းစားမိနေသည်။ အကယ်၍ အယ်ဒီတာသည် X နှင့် Y အကြောင်းကို သူ/သူမ မည်သို့စဉ်းစားထားသည်၊ ဘာ့ကြောင့် Z အကြောင်းသည် သူ/သူမ စဉ်းစားပုံဖြင့် မယုံကြည်ဖြစ်ရသည်၊ သူ/သူမ လက်ခံနိုင်ရန်အတွက် ဘာတွေ "ပိုပြီး" လိုသည်ကို ဖော်ပြထားခဲ့လျှင် ကျွန်တော့်အတွက် ပိုမိုအထောက်အကူပြုကြောင်း သတိပြုမိသည်။ အယ်ဒီတာ အများစုသည် ထိုကဲ့သို့ တိုက်ရိုက်တည်းဖြတ်ခြင်းမျိုးကို တောင်းဆိုခဲ့လျှင် ဝမ်းသာအားရ ပံ့ပိုးလိမ့်မည်ဟု ကျွန်တော် သတိထားမိခဲ့သည်။

## နိဂုံးချုပ်

သင်၏ နောက်လာမည့် ဆောင်းပါးတွင် မည်သည့်အကြောင်းရေးမည်ကို စဉ်းစားပါ။ ထိုသို့စဉ်းစားခြင်းသည် အခွင့်အခါကြည့်ပြီး ဦးတည်ချက်များထားရှိမည့်အစား အနည်းနှင့် အများသိသာထင်ရှားပြီးဖြစ်သည့် အချို့နယ်ပယ်များအကြောင်း တစ်စုံတစ်ရာပြောဆိုလုပ်ဆောင်နိုင်ရန်အတွက် သင်၏ရေးသားမှုကို ထိန်းညှိချိတ်ဆက် ပေးနိုင်သည်။ သင်သည် နယ်ပယ်တစ်ခု၏ စာပေဝိဇ္ဇာအဖြစ် လူသိများထင်ရှားလာပြီး မိမိ၏ရေးသားမှုများသည် (သင်သည် ဒီနယ်ပယ်အတွင်းသင်ကြားနေသူဖြစ်ပါမူ) သင်၏ သင်ကြားရေးကို ပြန်လည်အားဖြည့်ပေးနိုင်သည်၊ သင် လေ့လာဆည်းပူးရရှိခဲ့သည့် နောက်ခံများနှင့် အတွေ့အကြုံများဖြင့် နောက်ပိုင်းရေးသားမည့် ဆောင်းပါးများအတွက် ပိုမိုရေးသားရန်လွယ်ကူစေပေလိမ့်မည်။